ဖုံးဖောက်ခဲ့သူတွေကို အကြောင်းပြပြီး မော်လမြိုင်မြို့ သဘော်ဆိပ်ရှိ ရဲ၊ အမှတ် (၅) စစ်ထောက်လှမ်းရေးများ စီးပွားရှာစား

လွတ်လပ်သော မွန်သတင်းအေဂျင်စီ (မွန်ပြည်နယ်)
ဇူလိုင်လ ၃၁ ရက်၊ ၂၀၀၃ ခုနှစ်။

နအဖအာထက်အရာရှိများ၏ အမိန့်အရ ဖုံးဖောက်သူများစစ်ဆေးဖမ်းဆီးသည့်ကိစ္စကို အခွင့်ကောင်းယူကာ မော်လမြိုင်မြို့ သဘော်ဆိပ်တွင် လှုပ်ရှားနေသော နအဖစစ်အစိုးရ၏ ရဲများနှင့် စစ်ထောက်လှမ်းရေးများသည် မှတ်ပုံတင် မပါသော ဒေသခံပြည်သူများနှင့် ဗမာစကား မပီသောသူများထံ ငွေညှစ် စီးပွားရှာနေခဲ့ပါသည်။

နအဖစစ်အစိုးရမှ နိုင်ငံတော်ခေါင်းဆောင်များကို ဖုံးဖောက်ပြီး လုပ်ကြံရန် ကြံစည်သည့် စွပ်စွဲချက်ဖြင့် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲအပြီးတွင် မော်လမြိုင်မြို့သဘော်ဆိပ်တွင် နေရာအနှံ့ ဒေသနှံ့ သွားလာနေသော ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပေါင်းစုံ ခရီးသည်များကို သဘော်ာဆိပ်တွင်ရှိသော ရဲများနှင့် အမှတ် ၅ စစ်ထောက်လှမ်းရေးများမှ တင်းကြပ်စွာ စစ်ဆေးမှု ပြုလုပ်နေခဲ့ပါသည်။

ထိုသို့တင်းကြပ်စွာ ပိုမိုစစ်ဆေးမှုပြုရာတွင် ရဲများနှင့် စစ်ထောက်လှမ်းရေးများသည် မှတ်ပုံတင်မပါသော ခရီးသည်များနှင့် ဗမာစကားပြောမပီသော တိုင်းရင်းသား ခရီးသည်များကို ခြိမ်းခြောက်ပိုမိုစစ်ဆေးနေပြီး ငွေညှစ်ယူနေခဲ့ပါသည်။

ငွေညှစ်ယူရာမှာ ''တကယ်လို့မှတ်ပုံတင် မပါဘူးဆိုရင် ရဲမှတဆင့် စစ်ထောက်လှမ်းရေးတွေထံ အပ်တယ်။ စစ်ထောက်လှမ်းရေးတွေက ခြိမ်းခြောက် စစ်ဆေးတယ်။ စစ်ဆေးရာမှာ မိမိက သာမာန်အရပ်သား အပြစ်မရှိသူဖြစ်နေရင်တောင် ငွေပေးရသည့်အထိ ရစ်ပြီး စစ်ဆေးနေတယ်'' ဟု စစ်ဆေးခံရသည့် ဒေသခံများက ဆိုပါသည်။

''အထူးသဖြင့်တော့ ရပ်နီးသွားလာသူတွေက ခံရတာ များတယ်။ သူတို့က နီးနီးပဲခရီးသွားတယ်ဆိုတော့ မှတ်ပုံတင်မယူသွားဘူးပေ့ါ။ ဒါအပြင် ဗမာစကားပြောမပီတဲ့ မွန်ကရင်တိုင်းရင်းသားတွေက ပိုမိုစစ်ဆေးခံရတယ်။ ဒီလို စစ်ဆေးခံရတာ အသက်ကြီးတဲ့သူ တိုင်းရင်းသားတွေပါပဲ'' ဟု ရဲနှင့် နီးစပ်သူတဦးက လွတ်လပ်သောမွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

သူ၏ ပြောပြချက်အရ သဘော်ာဆိပ်က ရဲနှင့် စစ်ထောက်လှမ်းရေးများသည် တနေ့လျှင် ငွေသောင်းနှင့်ချီရနေပြီး စီးပွားဖြစ်နေသည်ဟု သိရပါသည်။

အလားတူ နအဖစစ်အစိုးရမှ တခြားမြို့နယ်များတွင် ဖွင့်လှစ်ထားသောဂိတ်များတွင်ရှိသော ရဲများနှင့် နအဖအာဏာပိုင်တို့သည် မယုံသင်္ကာဖြစ်သူများ၊ မှတ်ပုံတင်မပါသူများနှင့် ဗမာစကား ပြောမပီသူများကို ပိုမို စစ်ဆေးနေကြပြီး ငွေညှစ်ယူခဲ့ပါသည်။

ယခုကဲ့သို့ စစ်ဆေးမှုမျိုးသည် နအဖစစ်အာဏာပိုင်တို့ ခရီးသည်များအပေါ် ပိုမိုတင်းကြပ်စွာ စစ်ဆေးမှုများ အရှိန်မြင့်တင်လာနေကြောင်း သိရပါသည်။

ထိုသို့နအဖစစ်အစိုးရမှ ဖုံးဖောက်သူများကို စစ်ဆေးရာမှာ မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များကို ပိုမိုစစ်ဆေးသကဲ့သို့ **Democratic Karen Buddhist Army (DKBA)** ကိုလည်း ပိုမိုစစ်ဆေးနေပြီ **DKBA** စစ်သား ၁၀ ယောက်ကျော်လည်း ဖမ်းခံခဲ့ရကြောင်း၊ စစ်ဆေးမှုကြောင့် **DKBA** စီးပွားရေး ကျဆင်းနိုင်ကြောင်း **DKBA** တပ်ရင်း ၉၉၉ အရာရှိတစ်ဦးက ဆိုခဲ့ပါသည်။